
ဝန်ခင်း
မောင်ဖိလာ
ကျိုးကန်းနဲ့ ဘိုဟီးမီးယန်းများ

အခန်း (၁)

လှပသော မတော်တဆမျှား

အမေက အလုပ်ရှာဖို့

ချစ်သူက အတူနေဖို့

သူငယ်ချင်းတွေက ကဗျာရေးဖို့ ပြောပြောနေ..။

ပြည်လမ်းမကြီးပေါ်လျှောက်နေရင်း

ဂျူဗင်တပ်(စ်)အသင်းမှာ အတော်ပံတွေရှိတာစမ်းမိတယ်..

ကတ္တာရာလမ်းထဲ မြုပ်ဝင်နေတဲ့ မြင်းသံခွာလို

ကောင်းကင်ပေါ်က နို့နှစ်ရောင်အပေါက်ကြီးနဲ့တူတဲ့ 'လ' လို

ပေါက်ပြဲနေတဲ့ ဝါယာကြိုးထဲက တစ်ချက်ချင်းခုန်ဆင်းလာတဲ့ မီးပွင့်လို

အရိပ်များ၊ အရောင်များ၊ ဒြပ်များ၊ တုံးများ

၁၉၁၇ ခုနှစ်မှာ ပြင်သစ်လူမျိုး 'မာဆယ်ဒူးရွန့်' ဟာ

အိမ်သာသုံးကြွေခွက်ကြီးကို ပန်းပုရုပ်တစ်ခုလို

ပြပွဲမှာတင်သွားလိုက်တော့

အနုပညာလောကတစ်ခုလုံး တုန်လှုပ်ချောက်ချားသွားခဲ့တယ်..

စိတ်ကို အပြာရောင်သုံးလိုက်

နားရွက်တစ်ဖက်ကို Message စာရွက်လို

ရေခဲသေတ္တာမှာကပ်ထားလိုက်

လက်တစ်ဖက်ကို နံရံထဲရိုက်သွင်းလိုက်

ခြေထောက်တစ်ဖက်ကို မြက်ခင်းပေါ်ထောင်ထားလိုက်

ဆံပင်တွေကို မျက်နှာကြက်မှာ မီးဆိုင်းတစ်ခုလိုချိတ်ဆွဲလိုက်

ဖိတ်ကျသွားတဲ့ ဆေးတစ်စက်ကလည်း

ရာစုနှစ်အဆက်ဆက် လင်းလက်ချင်တဲ့အကြောင်း

ကြမ်းပြင်ပေါ်မှာ ဝေဒနာနဲ့ ရွှေ့လျားပြနေတယ်...။

ကဗျာတစ်ပုဒ်ဟာလည်း သွားနေတယ်

ပန်းချီကားတစ်ချပ်ဟာလည်း သွားနေတယ်

ပန်းပုရုပ်တစ်ခုဟာလည်း သွားနေတယ်

ယုတ်စွအဆုံး လမ်းမပေါ်လွှင့်ပစ်ထားတဲ့

စက္ကူစုတ် အပိုင်းအစကလေးကလည်း သွားနေတယ်....။

(မဟေသီမဝွဇင်း၊ ၂၀၀၆)

*

အခန်း (၂)

သူမ့လွဲ၍ အခြားမရှိ

ရှုမျှော်ခင်းထဲ ငါ မီးလိုလိုခုန်ပြီး ကူးလိုက်မယ်
ဝါကျကို ပြောင်းပြန်လှန်ပစ်လိုက်
ရှုမျှော်ခင်းဟာ ငါ့ဆီကို မီးလိုခုန်ပြီးဝင်လာ
အသက်ဓာတ်ကလည်း
ကျနေတဲ့နှင်းထက် ပိုပြီးလတ်ဆတ်
"ငြိ" နေတဲ့အတွေးကို
"ဘာသုံးဆောင်မလဲဆရာ" နဲ့
စားပွဲထိုးက "တိုက်"ချလိုက်တယ်..။
ကျီးကန်းတစ်ကောင်
မောင်းချွေးတစ်ချောင်း
ပန်းချီကားတစ်ချပ်
မြန်မြန်...။ ။

နှလုံအိမ်မဂ္ဂဇင်း၊ ၂၀၀၅

* * * * *

အခန်း (၃)

ကျိုးကန်း

သူ့အသံက ဖမ်းဆုတ်ရခက်တဲ့ ပြဒါး

သမံတလင်းပေါ် လွှတ်ကျသွားတဲ့ သေနတ်တစ်လက်

သူ ထပျံသွားတော့

ဝုန်းဒိုင်းကျဲပြီး ကျန်ခဲ့တဲ့သစ်ကိုင်း

သူ့အသားအရည်က

ပါးနပ်ဖျတ်လတ်ခြင်း

သူ့လက်မောင်းမှာ ထိုးထားတဲ့ဆေးမင်ကြောင်က

အမျိုးထိရင် မချိအောင်နာတတ်သူ

သူ့အသည်းနှလုံးက

လူသွားလူလာများတဲ့ ပလက်ဖောင်း

သူပျံဝဲနေတဲ့ အနုပညာက

နေဆီ လွှင့်ပစ်လိုက်သော

အနက်ရောင် အဝတ်စတစ်စ။ ။

(ပိတောက်မြေမဂ္ဂဇင်း၊ အမှတ်-၆၊ ဇွန်လ၊ ၂၀၀၃)

* * * * *

အခန်း (၄)

လှိုင်သာယာ (၂)

ဘာထူးလဲ

လမ်းပေါ်ထွက်လိုက်တာနဲ့

ငါလည်း လက်လုပ်လက်စားပဲ

(အညီနဲ့က နောက်ကားပါလာတာကို သိတယ်)

ကျောမတက်စေနဲ့တဲ့

စပယ်ယာအသံမှာ ဆူးတွေအပြည့်နဲ့

ခေတ်တစ်ခေတ်

လူရွှစ်ဆယ်ကို

သစ်သားဘတ်(စ်)ကားကြီးထဲထည့်ပြီး ခလောက်တော့

၁၉၄၀ ခုနှစ်တွေဆီ ပြန်ရောက်သွားကြတယ်

နေတတ်ရင် ဘဝဟာ ပျော်ရွှင်ဖွယ်ရာပါ

ပန်းခင်းကြီးမဖြစ်လည်း ခြုံပုတ်ကလေးပေါ့

ဒါပေမယ့် သတ္တိရှိတဲ့ခြုံပုတ်ကလေး...။ ။

(Beauty Magazine၊ ၂၀၀၆)

* * * * *

အခန်း (၅)

ခိုတွေ

ဓာတ်ကြိုးတွေပေါ်မှာ

ပလက်ဖောင်းပေါ်မှာ

အိမ်ခေါင်မိုးပေါ်မှာ

ခိုတွေ...

သူတို့ စောင့်စားနေကြ

အရောင်တဖျပ်ဖျပ်လက်နေတဲ့ ပဲစေ့တွေ

ပဲစေ့တွေက သူတို့စိတ်ပေါ်မှာ လာတင်နေတဲ့ ကမ္ဘာလား

သူတို့တူးဖော်နေတဲ့ အိပ်မက်ရဲ့ သော့ဟာ

ပဲစေ့တစ်စေ့လား

ခိုတိုင်း ခိုတိုင်းဟာ

ပဲစေ့တွေကို

သူတို့အိပ်ရာပေါ်အထိ ဆွဲတင်ချင်ကြ

ဆာလောင်နေတဲ့ ခိုတစ်ကောင်ဟာလည်း

ယောက်ယက်ခတ်နေတဲ့

ပဲစေ့တစ်စေ့ပဲလား

သူတို့စိတ်ကူးအိမ်ထဲ

ကမ္ဘာလုံးထက်ကြီးတဲ့ ပဲစေ့တွေ

ခြေကျင်းဝတ်ထိ တဖြောက်ဖြောက်ကျလာကြ
ခိုတွေရဲ့ အတော်ပံခတ်သံဟာ
နေရောင်ခြည်ကို“မ” တင်လိုက်ပြီး
ရွှေရောင်ပဲစေ့တစ်စေ့လို တဖြည်းဖြည်း မြောက်တတ်သွား
“ဗစ်သိုဗင်”ရဲ့ စန္ဒရားခလုတ်ပေါ်မှာ
တဖြန်းဖြန်း ကျကွဲလို့
ခိုတွေ...။ ။

၂၀၀၃ ခုနှစ်၊ ဖေဖော်ဝါရီ

*

အခန်း (၆)

အချစ်ဟာ ပူအိုက်လွန်းသောရာသီ

သူငယ်ချင်းဆီက

“မာဖီးယားကမ္ဘာ” ရောက်မလာသေးဘူး

တစ်ခုခုကို အရသာဖြစ်ချင်တယ်

ဂက်(စ်)မီးဖိုပေါ်က

ပြာလဲ့လဲ့မီးတောက်ကလေးကိုလည်း

ချွတ်ယူထားချင်တယ်

လမ်းလျှောက်နေတဲ့ ပျိုးပင်ပေါက်ကလေးကိုလည်း

နေရောင်ခြည်အောက် ရောက်စေချင်တယ်

နောက်ကျနေပြီ..

၁ နာရီ နောက်ကျနေပြီ

၂ နာရီ နောက်ကျနေပြီ

၂၄ နာရီ နောက်ကျနေပြီ

တစ်ဘဝစာ နောက်ကျနေပြီ..။

အပြင်မှာ နှင်းကျသံဟာ ကျယ်ကျယ်လောင်လောင်

အိပ်မရတာ နဲ့ မအိပ်ချင်တာ

ရေးမရတာ နဲ့ မရေးချင်တာ

ကဗျာဟာ ခန္ဓာထဲက ငေါက်တောက်ပန်းထွက်လို့

လေမတိုက်ဘဲ လှုပ်နေတဲ့စိတ်ကို

လင်းနေတဲ့ညကလေးထဲ ထည့်ထားတယ်

“ရှင်မရှိရင် ကျွန်မ အသက်မရှင်ချင်ဘူး” ဆိုတဲ့အသံကို

စာကြည့်စားပွဲပေါ် ထောင်ထားတယ်။

(ဖိတောက်ပွင့်သစ်မဂ္ဂဇင်း)

*